# လူသစ်အဖြစ် အသင်းတော်အတွက် ခရစ်တော်သည် အလုံးစုံဖြစ်ခြင်းနှင့် အလုံးစုံ၌ရှိတော်မူခြင်း

Message Four

## ခရစ်တော်သည် လမ်း၊ စစ်မှန်ခြင်းနှင့် အသက် ဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ ယောဟ၁၄း၆။ ၁း၁၄၊ ၂၉။ ၁၂း၂၄။ ၇း၃၉။ ၁ကော၊၁၅း၄၅ခ။ ၂တိ၊၄း၂၂။ ၁ကော၊၆း၁၇။ ၁၂း၁၂-၁၃။ ဧ၊၃း၁၆-၁၇က။ ၁ကော၊၁း၂၂-၂၄။ မ၊၃း၁၃။ ဟေဗြဲ၊၁၀း၁၉-၂၀

I. **“ယေရှုက ငါသည် လမ်းခရီးဖြစ်၏။ စစ်မှန်ခြင်းလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့အားဖြင့် မဟုတ်လျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ” - ယော၊၁၄း၆။**

II. **ခရစ်တော်သည် အသက်ဖြစ်သည်။**

A. ခရစ်တော်သည် ရွေးနုတ်ခြင်းအတွက် ဘုရားသခင်၏သိုးသငယ်ဖြစ်ပြီး၊ ပုံတူပွားထုတ်လုပ်ခြင်းအတွက် ဂျုံမျိုးစေ့ဖြစ်သည် - ယော၊၁း၁၄၊ ၂၉။ ၁၂း၂၄။

B. ခရစ်တော်သည် ဝိညာဉ်တော် ဖြစ်လာသည်။

1. စစ်မှန်ခြင်း၏ ဝိညာဉ်တော် - ၁၄း၁၆-၁၇။
2. အသက်ပေးသောဝိညာဉ်တော် - ၁ကော၊၁၅း၄၅ခ။
3. ထိုဝိညာဉ်တော် - ယော၊၇း၃၉။
4. ပေါင်းစပ်ထားသောဝိညာဉ်တော် - ထွ၊၃၀း၂၃-၃၁။

C. ခရစ်တော်ကို ထိုဝိညာဉ်တော်အဖြစ် ကျွန်ုပ်တို့ တွေ့ကြုံခံစားခြင်း -

1. သခင်ဘုရားသည် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ ရှိသည် - ၂တိ၊၄း၂၂။
2. ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်အတူ တစ်ဝိညာဉ်တည်းဖြစ်သည် - ၁ကော၊၆း၁၇။
3. ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ သူ၏အိမ်ဆောက်နေတော်မူသည် - ဧ၊၃း၁၆-၁၇ခ။

D. ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် စုပေါင်းထားသော ခရစ်တော်ဖြစ်သည် - ၁ကော၊၁၂း၁၂-၁၃။

III. **ခရစ်တော်သည် စစ်မှန်ခြင်း ဖြစ်သည်။**

A. ကောရိန္သုပထမစာစောင်၌ စစ်မှန်ခြင်းဖြစ်သော ခရစ်တော်သည် များစွာသောအချက်များ၌ ဖွင့်ပြထားသည်။

1. ခရစ်တော်သည် ဘုရားသခင်၏တန်ခိုးတော်နှင့် ဘုရားသခင်၏ပညာတော်ဖြစ်သည် - ၁း၂၂-၂၄။
2. ခရစ်တော်သည် ဖြောင့်မတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ရွေးနုတ်ခြင်း ဖြစ်သည် - အငယ်၊၃၀။
3. ခရစ်တော်သည် ဘုရားသခင်၏ နက်နဲရာများဖြစ်သည် - ၂း၉-၁၀။
4. ခရစ်တော်သည် တိုက်မြစ်ဖြစ်သည် - ၃း၁၁။
5. ခရစ်တော်သည် ကျွန်ုပ်တို့၏ပသခါပွဲနှင့် တဆေးမဲ့မုန့်ပွဲတော် ဖြစ်သည် - ၅း၇-၈။
6. ခရစ်တော်သည် ဝိညာဉ်ဆိုင်ရာအစာ၊ ဝိညာဉ်ဆိုင်ရာသောက်စရာ၊ ဝိညာဉ်ဆိုင်ရာကျောက် ဖြစ်သည် - ၁၀း၃-၄။
7. ခရစ်တော်သည် ဦးခေါင်းတော်နှင့် ကိုယ်ခန္ဓာတော်ဖြစ်သည် - ၁၁း၃။ ၁၂း၁၂။
8. ခရစ်တော်သည် အဦးသီးများ၊ ဒုတိယလူ၊ နောက်ဆုံးသောအာဒံနှင့် အသက်ပေးသောဝိညာဉ်တော်ဖြစ်သည် - ၁၅း၂၀၊ ၄၇၊ ၄၅။

B. အသက်ပေးသောဝိညာဉ်တော်အဖြစ် ခရစ်တော်ကို တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန်နည်းလမ်းမှာ သခင်ဘုရားနှင့်အတူ တစ်ဝိညာဉ်တည်း တည်မြဲနေခြင်းအားဖြင့် ဖြစ်သည် - ၆း၁၇။

IV. **ခရစ်တော်သည် လမ်းဖြစ်သည်။**

A. ခရစ်တော်သည် ကျွန်ုပ်တို့ထံ ပထမဦးစွာ အသက်ဖြစ်ရမည်၊ ထိုနောက် ကျွန်ုပ်တို့၏စစ်မှန်ခြင်းနှင့် ကျွန်ုပ်တို့၏လမ်းဖြစ်လာရမည်ဖြစ်သည်။

B. ကားတိုင်ပေါ်အသေခံခဲ့သော ခရစ်တော်သည် ကျွန်ုပ်တို့၏လမ်းဖြစ်သည်။

1. ဇဝံဂေလိဟောပြောရန်နှင့် လူများထံ အသက်ကို အမှုဆောင်ရန် သင့်လျော်မှန်ကန်သည့်နည်းလမ်းမှာ ကားတိုင်မှာ အသေခံသည့်လမ်း - ကျွန်ုပ်တို့ကို သေခြင်းသို့ထားရှိပေးသည့်လမ်း ဖြစ်သည်။ ဤလမ်းသည် ပုဂ္ဂိုလ် - ကားတိုင်မှာ အသေခံခဲ့သော ခရစ်တော်ပင် ဖြစ်သည် - ၁း၂၂-၂၄။ ၂း၁-၄။
2. သခင်ယေရှုသည် ကိုယ်တော်၏အမှုတော်ကို ဗတ္တိဇံမှတစ်ဆင့် မြှုပ်နှံခံခြင်းအားဖြင့် အစပြုခဲ့သည် - မ၃း၁၃။
3. ဧဝံဂေလိစာစောင်လေးစောင်က ကိုယ်တော်သည် အသေခံခြင်းအောက်မှာ ကျန်ရှိနေခြင်းအားဖြင့် ကိုယ်တော်၏ အမှုတော်ကို သယ်ဆောင်ခြင်းဟု ဆက်လက် အသက်ရှင်ခြင်းနှင့် လျှောက်လှမ်းခြင်းရှိခဲ့ကြောင်း ဖွင့်ပြထားသည်။
4. ခရစ်တော်သည် ကိုယ်တော်၏ဗတ္တိဇံခံခြင်းမှ ကာရာနီသို့တစ်လျှောက်လုံး အသက်ရှင်ရန် အသေခံခြင်း ဖြစ်သည်။

C. ခရစ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းနောက်တွင် ဘုရားသခင်၏ဝိညာဉ်တော်သည် ခရစ်တော်၏ အသေခံခြင်း (မုရန်)၊ အသေခံတော်မူခြင်း၏ ချိုမြိန်မှု (သစ်ကြံပိုး)၊ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း (ကြံ)နှင့် ရှင်ပြန်ထမြောက်ခြင်း၏ တန်ခိုးတော် (သစ်ကြံပိုးတစ်မျိုး) တို့နှင့်အတူ အသက်ပေးသောဝိညာဉ်တော်ဖြစ်လာရန် ပေါင်းစပ်ထားခဲ့ပြီဖြစ်သည် - ထွ၊၃၀း၂၂-၃၃။ ယော၊၇း၃၉။ ၁ကော၊၁၅း၄၅ခ။

D. ကားတိုင်မှာအသေခံရသော ခရစ်တော်သည် ကျွန်ုပ်တို့က ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်ရန် အသစ်သော၊ အသက်ရှင်သော လမ်းဖြစ်သည် - ဟေဗြဲ၊၁၀း၁၉-၂၀။
1. သန့်ရှင်းသူများကို ထိန်းကျောင်းရန် သို့မဟုတ် ကောင်းသော အသက်ကြီးသူ၊ ညီအစ်ကို၊ ညီအစ်မ၊ ခင်ပွန်း၊ ဇနီး၊ ဖခင် သို့မဟုတ် မိခင် ဖြစ်ရန်မှာ ခရစ်တော်နှင့်အတူ အသေခံခြင်း၊ ကားတိုင်မှာအသေခံသော ခရစ်တော်ကို လမ်းအဖြစ်ယူဆောင်ခြင်းပင် ဖြစ်ပေသည်။
2. ကားတိုင်မှာအသေခံခဲ့သော ခရစ်တော်သည် အမှုတော်ကို သယ်ဆောင်ရန် လမ်းဖြစ်သည်။
3. ကားတိုင်မှာအသေခံခဲ့သော ခရစ်တော်သည် ကျွန်ုပ်တို့၏နေ့စဉ် ခရစ်ယာန်လျှောက်လှမ်းခြင်း ရှိရန်နှင့် ခရစ်ယာန်အသက်တာ၌ အရာခပ်သိမ်းကို လုပ်ဆောင်ရန် အထူးမြတ်ဆုံးသောလမ်းပင် ဖြစ်သည် - ၂ကော၊၄း၁၀-၁၂။

E. တဲတော်၏ စီစဉ်ထားရှိမှုက ကားတိုင်၏လမ်းကို ဖွင့်ပြထားသည်။
1. မီးရှို့ရာပူဇော်သက္ကာ ယဇ်ပလ္လင် - ကျွန်ုပ်တို့၏အပြစ်များကို ဆီးကြောပစ်ခြင်း။
2. အင်တုံ - လောက၏အညစ်အကြေးကို ဆေးကြောပစ်ခြင်း။
3. မျက်မှောက်တော်၏မုန့် စားပွဲ - အသက်မစမှုနှင့် ကျွေးမွေးမှုကို ရရှိခြင်း။
4. မီးခုံတိုင် - အလင်းနှင့် အလင်းထွန်းလင်းခြင်းကို ရရှိခြင်း။
5. နံ့သာပေါင်းယဇ်ပလ္လင် - ဘုရားသခင်ထံသို့ ချိုမြိန်သော မွှေးရနံ့အဖြစ် ဆုတောင်းခြင်းများကို ပူဇော်ခြင်း။
6. သက်သေခံချက် သေတ္တာတော် - ဘုရားသခင်က ကျေးဇူးတော်ပလ္လင် (အပြစ်ဖုံးအုပ်ရာအဖုံး) ၌ ကိုယ်တော်၏လူများနှင့်အတူ တွေ့ဆုံခြင်းနှင့် စကားပြောခြင်း။

F. ကားတိုင်၏လမ်းသည် ခမည်းတော်ထံသို့ လမ်း၊ ဘုရားသခင်၏မျက်မှောက်တော်ကို မွေ့လျော်ဝမ်းမြောက်ရန်လမ်း၊ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာ၊ မိသားစုအသက်တာ၊ အသင်းတော်အသက်တာကို အသက်ရှင်ရန် လမ်းဖြစ်သည်။ ကားတိုင်မှာအသေခံသော ခရစ်တော်သည် အရာခပ်သိမ်း၌ ကျွန်ုပ်တို့၏လမ်းဖြစ်သည်။

**G. "ကျွန်ုပ်တို့သည် ခရစ်တော်၏အသေခံခြင်းအထဲသို့ ကျွန်ုပ်တို့ခရစ်ယာန်အသက်တာ အစအဦးမှာပင် တစ်ကြိမ်တည်းဖြင့် ဗတ္တိဇံခံခဲ့ပြီးဖြစ်သည် (ရော၊၆း၃)။ ယခု ကျွန်ုပ်တို့သည် ကိုယ်တော်၏အသေခံခြင်းသို့ စဉ်ဆက်မပြတ် သဏ္ဍာန်တူညီခြင်း ရှိနေကြသည် (ဖိ၊၃း၁၀)။ ဤသည်မှာ ခရစ်ယာန်အသက်တာ၏ ဆက်လက်ဖြစ်ပွားခြင်းဖြစ်သည်။ တဲတော်၏ စီစဉ်ထားရှိမှုအရ ကျွန်ုပ်တို့သည် ခရစ်ယာန်အသက်တာနယ်ပယ်အထဲသို့ ဝင်ရောက်လိုက်သည်နှင့်တပြိုင်နက် ကားတိုင်သို့ သဏ္ဍာန်တူညီစေခြင်း ခံရကြပြီဖြစ်သည်။ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာ တစ်ခုလုံးသည် ကာရာနီသွားရာလမ်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဤလမ်းပေါ်၌ရှိနေကြသောအခါ၊ ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဍာန်တူညီခြင်း ရှိကြသည်။ ဤသည်မှာ ခရစ်တော်သည် ကျွန်ုပ်တို့၏လမ်းဖြစ်ခြင်း ဖြစ်ပေသည်" - *CWWL 1978 Vol. 3 'The Recovery of Christ as Everything in the Church' Chapter 4.***

*© Living Stream Ministry*